
သိန်းမင်းတာမေ
လုံးချင်းဝတ္ထုသစ်
ပုရာဂျှနီး၆၀
အကြွင်နာတွေပေးသူရယ်
န်းချိသိန် ဆကြည်

# (၁)

"နေခြည်ရေ နေခြည်"

သီးသန့်မိန်းကလေးများ အဆောင်ရဲ့ နောက်ဘက်ရှိ မီးဖိုခန်းထဲမှာ ထမင်းချက်နေသော နေခြည်နုထွေးထံသို့ မျိုးမျိုးလှိုင် အမောတကောနှင့် ရောက်လာသည် ။

"နေခြည်ကလည်း ဟယ် ခေါ်တာမထူးဘူး"

"ဘာတွေအရေးကြီး ပြန် လာပြီလဲ မျိုးမျိုး"

နေခြည်နုထွေးက ချက်ပြုတ်နေရင်းကနေ မျိုးမျိုးလှိုင်ကို လှမ်းမေးသည် ။

"အခန်းထဲမှာ နင် မရှိဘူး။ နင့်ကို ပြောချင်လွန်းလို့ လိုက်ရှာနေတာ"

"ဟုတ်ကဲ့၊ ကျွန်မ အားအားယားယား ရှင်စားဖို့ ချက်ပြုတ်နေပါတယ်ရှင်"

"ဟီး . . . နင်က ငါ့ကို ရွဲ့လိုက်တာပေါ့လေ"

"မရွဲ့ပါဘူး ရှင်၊ တည့်တည့်လေး ပြောနေတာပါ"

"အဟီး ဟုတ်တော့ဟုတ်ပါတယ်၊ အမြဲလိုလို နေခြည်ကပဲ ချက်နေတာဆိုတော့ ဒါလောက် တော့ ပြောမှာ ပေါ့နော်။ မျိုး စိတ်မဆိုးပါဘူး၊ နေခြည့်ကိုတောင် အားနာသေးတယ်"

ဘယ်လိုမှ မနာတတ်သော မျိုးမျိုးလှိုင်က မျက်နှာချိုသွေးပြီး နေခြည်နုထွေးကို ပြောသည် ။ မလုပ်ရလျှင်ပြီးရော ပြောချင်သလိုပြော အပြုံးမပျက်သော မျိုးမျိုးလှိုင်ကို နေခြည်နုထွေးက စိတ်မဆိုးတော့ပါ။

အမျိုးသမီး အပြင်ဘော်ဒါဆောင် နှစ်ယောက်ခန်းတွင် အတူနေကြပြီး အတူချက်ပြုတ်စား သော်လည်း ဈေးဝယ်ခြင်း ချက်ပြုတ်ခြင်းကို အများ ဆုံး လုပ်ရသည် က နေခြည်နုထွေးပါ။

နေခြည်နုထွေးက စပ်ဖြီးဖြီးမျက်နှာနှင့် ပြောနေသော မျိုးမျိုးလှိုင်ကို စိတ်ဆိုးသည့် အရိပ် အယောင်မပါသည့် အကြည့်နှင့် မျက်စောင်းထိုးလိုက်သည် ။

"အားနာတယ်ဆိုတာ တကယ်လည်း မဟုတ်ဘဲနဲ့ ပြောမနေပါနဲ့ မျိုးရာ"

"ငယ်ငယ်ကတည်းက နင် ငါ့ကို သည်းခံတတ်တာကို သိပြီးသား ကျေးဇူးတင်ပြီးသားပါ နေခြည်ရာ"

နေခြည်နုထွေးက မီးသွေးဖိုပေါ်က ဟင်းအိုးကိုချလိုက်သည် ။ မီးဖိုဆောင်ထဲတွင် ကိုယ့်မီးဖို နှင့်ကိုယ် သီးသန့်ချက်ပြုတ်ရသည် မို့ ချက်ပြုတ်ပြီးသည် နှင့် မီးကြွင်းမီးကျန်ကိုသိမ်းရန် ဟန်ပြင် သည် ။

"အဲဒါ အသာထားပါဦး၊ နင့်ကို ပြောစရာရှိတယ်"

"ပြောစရာက စောင့်လို့ ရတယ်၊ ဒီမှာ မီးသွေးတွေက အလကားဖြစ်ကုန်မယ်"

နေခြည်နုထွေးက ပြောရင်းနဲ့ မြေအိုးအဖုံးကိုဖွင့်ပြီး မီးခဲတွေကို ညှပ်နှင့်ညှပ်ကာ မြေအိုးထဲ ထည့်ပြီး အဖုံးအုပ်လိုက်သည် ။

"ငါ ပြောလို့ ရပြီလား"

"နေဦး မရသေးဘူး၊ အဲဒီဟင်းပန်းကန်တွေကို အခန်းထဲကူသယ်ပေး"

"နင်ကလည်း ဟယ်၊ ငါ ပြောချင်လှပြီ"

"နင် သိပ်ပြောချင်နေတာ ယောက်ျားလေးတစ်ယောက်အကြောင်း မဟုတ်လား"

"ဟုတ်တယ်"

"ဒါများ ဘာဆန်းလို့ လဲ၊ သဘောကျတဲ့ အသစ်တစ်ယောက်တွေ့ပြန်ပြီဆိုတဲ့ စကားက ရိုးအီ နေပြီ"

ယောက်ျားချောချောလေးတွေကိုမြင်တိုင်း စိတ်လှုပ်ရှားပြီး သဘောကျတတ်သည် ။ တစ်ယောက်ကို စွဲစွဲမြဲမြဲ စိတ်မဝင်စားတတ်ဘဲ မတည်ငြိမ်သော မျိုးမျိုးလှိုင်ရဲ့ သဘောကို နှောကျေ အောင် သိနေသဖြင့် နေခြည်နုထွေးက အားမနာတမ်း ပြော လိုက်လေသည် ။

နေခြည်နုထွေးကပြောရင်း မီးဖိုခန်းထဲမှ ထွက်လာသည် မို့ မျိုးမျိုးလှိုင်က ဟင်းပန်းကန်များ ကိုကိုင်ပြီး နေခြည်နုထွေးရဲ့ နောက်ကနေ အဆောင်ဆီသို့ ခပ်သုတ်သုတ်လိုက်ပါ လာလေသည် ။

နေခြည်နုထွေးက အခန်းထဲရှိ စားပွဲပေါ်တွင် ထမင်းအိုးကိုချလိုက်သည် ။ မျိုးမျိုးလှိုင်က ဟင်းပန်းကန်များကို စားပွဲပေါ်သို့တင်လိုက်သည် ။

"တကယ်ပါ နေခြည်ရယ် သူ့ကြောင့် ငါ့ရင်တွေ အရမ်းခုန်သွားတယ် သိလား"

"နေဦး မျိုးမျိုး ရင်တွေမခုန်နဲ့ ဦး၊ ပြောလည်း မပြောနဲ့ ဦး၊ ရေချိုးခန်း ဝင်ရဦးမယ်၊ လူရှင်း တုန်း မြန်မြန်ချိုးထားမှ "

"လုပ်ပြန်ပြီဟယ်၊ ငါက ဒီမှာ ပြောချင်လှပြီ"

ပြောချင်လွန်း၍ စိတ်အားထက်သန်စွာရှိနေသော မျိုးမျိုးလှိုင်က မကျေမနပ် နှုတ်ခမ်းစူသွား သည် ။

"ရေချိုးပြီး ထမင်းစားရင်းနဲ့ ပြောလည်း ရပါတယ်။ ငါက ဘယ်မှ ထွက်မပြေးပါဘူး"

နေခြည်နုထွေးက ပြုံးစိစိ မျက်နှာလေးနှင့်ပြောပြီး ရေချိုးခန်းသို့သွားရန် ပြင်ဆင်ပြီး ထွက်လာခဲ့သည် ။ မကျေမနပ်ရှိသော်လည်း နေခြည်နုထွေး ပြောသည် မှာ မှန်၍ ရေချိုးရန်ပြင်ဆင် သည် ။

ပြောရင်းဆိုရင်းမှာ ပဲ အဆောင်သူတွေကတဖွဲဖွဲ အလုပ်နှင့်ကျောင်းမှ ပြန်လာကြတော့သည် ။ ရေချိုးခန်း နှစ်ခန်းသာရှိ၍ တန်းစီရမည့်အရေးကို မျိုးမျိုးလှိုင်က သိပြီးသားပါ။

ရင်ခုန်စရာအဖြစ်တွေကို ခဏထားပြီး သူပါ ရေချိုးခန်းသို့ လိုက်လာခဲ့သည် ။ ရေချိုးခန်း နှစ်ခန်းကို တစ်ယောက်တစ်ခန်း အပိုင်စီးလိုက်ကြသည် ။

ရေချိုးပြီး နှစ်ယောက်စလုံး သနပ်ခါးအပြိုင်လိမ်းကြသည် ။ မျိုးမျိုးလှိုင်က နေခြည်နုထွေးကို ကွက်ကြည့်ကွက်ကြည့်နှင့် စကားအလွန်ပြောချင်သည် ။ မအောင့်အည်းနိုင်၍ စကားစသည် ။

"သိလား နေခြည်၊ ဒီနေ့ ငါ အရမ်းပျော်တာဟဲ့"

"ဟုတ်လား၊ အဲဒီအပျော် ခဏထားဦး၊ ငါက ထမင်းဆာပြီ"

"နင်ဟာလေ သိပ်အကျင့်ပုပ်တာပဲ၊ ငါ သိပ်ပြောချင်တာကိုသိလို့ တမင်လုပ်တာ မဟုတ် လား"

မျိုးမျိုးလှိုင်က စိတ်နည်းနည်းတိုနေပြီမို့ မကျေမနပ်နှင့်ပြောသည်။

"မျိုးမျိုးရယ် နင့်ရဲ့ ထူးမခြားနားတဲ့ အကြောင်းတွေကို ကြားရလွန်းလို့ ငါ ရိုးအီနေပါပြီ၊ ဖြည်းဖြည်းပြောလည်း ရပါတယ်"

"ခါတိုင်းနဲ့ မတူဘူး၊ ဒီတစ်ခါ ငါ့အတွက် သိပ်ကို ထူးခြားနေတယ်"

"နင် စိတ်ဝင်စားတဲ့ ယောက်ျားတစ်ယောက်ကို တပ်တွေ့နေပြီ မဟုတ်လား"

"အင်း"

"ဒါဘာဆန်းလို့ လဲ၊ နင်က တစ်ယောက်ပြီးတစ်ယောက် စိတ်ဝင်စားတာပဲ မဟုတ်လား"

"ဒီတစ်ခါ တကယ်ပဲ ငါ့ရင်ထဲမှာ စွဲငြိသွားပြီ သိလား"

"အေး၊ စွဲသွားရင် ထမင်းစားလိုက်ကြစို့"

နေခြည်နုထွေးရဲ့ စိတ်ဝင်စားမှုကို ဖမ်းစား၍ မရသဖြင့် လက်လျှော့ပြီး သူပါ ထမင်းဝင်စား သည်။ စားရင်းနှင့် နေခြည်နုထွေးကို ကြည့်ပြီး မေးသည်။

"ငါ ပြောလို့ ရပြီလား နေခြည်"

"ပြောချင်ရင်ပြောလေ"

"ပြောချင်လွန်းလို့ တစ်ညနေလုံး နင့်ကို လိုက်ပြီး ကပ်နေတာပေါ့ဟဲ့"

မျိုးမျိုးလှိုင်က စိတ်တိုတိုနှင့်ပြောပြီး သိပ်ပြောချင်သည့်စကားကို စသည်။

"ဒီနေ့ ငါ မိုလ်ချုပ်ဈေးကိုရောက်တယ် သိလား"

"ဒါဘာဆန်းလို့ လဲ"

"နေဦးလေ၊ အခုမှ ငါက စကားပျိုးတုန်း ပြီးရင် စိတ်ဝင်စားစရာတွေလာမယ်"

"ဗာရာဏသီ ချီမနေစမ်းပါနဲ့ ။ ပြောစရာရှိတာကို လိုရင်းတိုရှင်း ပြောစမ်းပါ"

"အေးပါ၊ နင်ကလည်း ငါ့ဆိုရင် စိတ်ကိုမရှည်ဘူး"

"နင်ကရော စိတ်ရှည်ချင်စရာ ကောင်းလို့ လား"

"ဈေးထဲမှာ ငါ ဘယ်သူနဲ့ တွေ့မယ် ထင်လဲ"

"ငါမှ မပါတာ၊ ဘယ်သိမလဲ"

နေခြည်နုထွေးက မျိုးမျိုးလှိုင်ကို စိတ်ဆိုးအောင် တမင်ဆွလိုက်သည် ။

"ရဲထွန်းနဲ့ တွေ့တယ်"

"အဲဒါဆန်းသလားဟယ်"

"ဆန်းတယ်၊ သိပ်ကိုဆန်းတယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ရဲထွန်းနဲ့ အတူပါလာတဲ့ လူက ငါ့ အတွက် စိတ်အဝင်စားရဆုံးပဲ"

"သူက နင့်ရဲ့ နောက်ဆုံးပေါ် ပစ်မှတ်ပေ့ါ"

"နေဦး နေခြည်၊ လွန်ခဲ့တဲ့ တစ်လလောက်က ယုဇနစင်တာရဲ့ ဓာတ်လှေကားမှာ ဆုံခဲ့တဲ့ လူတစ်ယောက်အကြောင်း နင့်ကို ပြောဖူးတယ်နော်"

"ငါ မေ့သွားပြီ"

နေခြည်နုထွေးက မျက်မှောင်လေးကြုတ်ပြီး ပြောလိုက်သည် ။

"နင်ကလေ ငါ့အကြောင်းဆိုရင် ဘယ်တော့မှ စိတ်မဝင်စားဘူး"

မျိုးမျိုးလှိုင်က အပြစ်တင်စွာပြောသည် ။

"နင့်အကြောင်းတွေက များ လွန်းတော့ ငါ ဘယ်မှတ်မိပ့ါမလဲ"

"ဟိုလေ တစ်ခါက ငါနဲ့ ယုဇနစင်တာမှာ ဆုံခဲ့တဲ့ လူလေ၊ အဲဒီလူကို မျက်ဝန်းချင်းဆုံခိုက်မှာ ငါ အရမ်းခိုက်သွားတာ ပြောဖူးပါတယ်ဟယ်"

"အေး ထားပါတော့၊ ဒီနေ့ ဘာဖြစ်လဲ၊ အဲဒါကိုသာ မြန်မြန်ပြော"

"ဒီနေ့ ဗိုလ်ချုပ်ဈေးထဲမှာ သူ့ကို ရဲထွန်းနဲ့ အတူ တွေ့လိုက်ရတော့ ငါလေ အရမ်းပျော်သွား တာ၊ ဘယ်လိုပြောရမှန်းတောင် မသိဘူး"

"ဒါဆိုလည်း ပြောမနေပါနဲ့ "

"လုပ်ပြီ၊ နင်ဟာလေ အကျင့်ကို မကောင်းဘူး၊ စကားကို ကတ်တီးကတ်ဖဲ့နဲ့ "

နေခြည်နုထွေးက စိတ်တိုနေသော မျိုးမျိုးလှိုင်ရဲ့ မျက်နှာကို ပြုံးစိစိနှင့် ကြည့်နေသည် ။

"ဒီနေ့ ဈေးထဲမှာ ငါနဲ့ သူ့ကို ကိုရဲထွန်းက မိတ်ဆက်ပေးတယ်၊ ပြီးတော့ ငါ့ကို ရဲထွန်းက နံနက်စာကျွေးလို့ အတူစားခဲ့ရပြီး သူ့ကို ပိုပြီး ရင်းနှီးခွင့်ရခဲ့တယ်"

"သြော်"

"သေသေချာချာ အနီးကပ် လေ့လာကြည့်မှ ကိုပြည့်ဖြိုးဟိန်းက စွဲမက်စရာကောင်းတယ် သိလား"

"ဒါနဲ့ ပဲ နင်က ရူးရူးမူးမူး စိတ်ဝင်စားသွားတယ် ဆိုပါတော့"

"အင်း၊ ဟုတ်တယ်"

"အဲဒီစိတ်ဝင်စားတဲ့ သက်တမ်းက ဘယ်နှလလဲ"

"ဒီတစ်ခါ ခါတိုင်းနဲ့ မတူဘူး၊ တော်တော့ကို ရှုးရှုးမူးမူး ဖြစ်သွားတယ်"

"အဲဒီလိုမျိုး ဖြစ်ခဲ့တဲ့ အဖြစ်တွေ နင့်ဆီမှာ မနည်းတော့ပါဘူး မျိုးမျိုးရယ်"

ရည်းစားကို ထည်လဲထားတတ်သော မျိုးမျိုးလှိုင်ကိုကြည့်ပြီး စိတ်ပျက်သည့်ပုံစံနှင့် နေခြည် နုထွေးက ပြောသည်။

"ဒီတစ်ခါ ပစ်မှတ်က ငါ့နှလုံးသားတည့်တည့်ကိုမှန်တာ နေခြည်ရဲ့ "

"ဟုတ်ပါပြီ၊ ရေတက်ငါးစင်ရိုင်းရဲ့ စကားကို မှတ်ထားလိုက်ပ့ါမယ်"

"ဘာလဲ၊ နင်က မယုံဘူးလား"

"မျိုးမျိုးရယ် နင်နဲ့ ငါ ငယ်ငယ်လေးကတည်းက ပေါင်းလာတာ၊ နင့်အကြောင်းက နောကျေ နေပါပြီဟယ်"

"ဒီတစ်ခါ ငါ တကယ်ပြောတာပါ၊ သူ့ကိုမြင်မြင်ချင်း ငါ အရမ်းကို စွဲလမ်းသွားမိတယ်"

"ပြောချင်တာ အဲဒါပဲ မဟုတ်လား"

"မဟုတ်သေးဘူး၊ ဒီနေ့ စတွေ့တွေ့ချင်း သူနဲ့ ပြေပြေလည်လည် ရှိခဲ့တယ်၊ နောက်နေ့မှာ သူနဲ့ ပြဇာတ် သွားကြည့်မလို့ "

"ဘယ်ကပြဇာတ်လဲ"

"ယဉ်ကျေးမှု ကပွဲရုံမှာ လေ"

"အစက နင် အဲလိုပြဇာတ်တွေဘာတွေ စိတ်မဝင်စားဘူးဆို"

"အခု စိတ်ဝင်စားလိုက်ပြီ၊ အဲဒါ သူ့ကြောင့်လေ"

"နင့်ရောဂါက မသေးပါလား"

နေခြည်နုထွေးက မျိုးမျိုးလှိုင်ကို စိတ်ပျက်စွာ ကြည့်လိုက်သည် ။

"ဟုတ်တယ်၊ ငါ့ရောဂါက နည်းနည်းသည်းတယ်"

"အေး ကောင်းတယ်၊ ကုရာနတ္တိဆေး မရှိဘူးဆိုရင် သာတောင် ကောင်းသေးတယ်"

နေခြည်နုထွေးက အမြင်ကတ်ကတ်နှင့်ပြောပြီး စားပွဲပေါ်က စားပြီးသား ပန်းကန်များကို သိမ်းဆည်းလိုက်သည် ။

"ဒီနေ့ကစပြီး သူနဲ့ ငါ နီးစပ်အောင် ကြိုးစားတော့မယ် သိလား"

"အင်း၊ ကောင်းတယ်ထင်ရင် ဒူးသာဒူး"

"နင်က လောင်တာလား"

"မလောင်ပါဘူး၊ အကောင်းပြောတာ"

"ငါ့ကို မထောက်ခံဘူးလား"

"စိတ်ချမ်းသာသလိုသာလုပ်တော့၊ ငါ့ကို သေဖော်မညှိနဲ့ "

"နေပါဦး နေခြည်ရယ်"

"ပန်းကန်တွေ သွားဆေးမယ်လေ၊ ဘာလေကြောရှည်ချင်သေးလို့လဲ"

"နင့်မှာ ရင်ခုန်တတ်တဲ့ နှလုံးသား မရှိဘူးလား"

"မရှိဘူး ထင်တာပဲ"

"ဒီအချိန်အထိ နင် ဘယ်ယောကျ်ားလေးကိုမှ စိတ်မဝင်စားခဲ့ဘူး နော်"

"အင်း"

"ငါ့ရဲ့ ပြည့်ဖြိုးဟိန်းကို မတွေ့သေးလို့ ပါ၊ တွေ့ရင် နင် အပြတ်ခိုက် သွားမှာ "

"ကဲ-တော်ပါ၊ အပြတ်လည်း မခိုက်ဘူး၊ ခြင်ကိုက်တယ်၊ ပန်းကန် တွေ မြန်မြန်ဆေးရဦး မယ်"

"ငါလည်း ကူဆေးပေးမယ်"

"မပူနဲ့ ၊ ဆေးကိုဆေးရမယ်၊ လာခဲ့"

သိပ်ကိုစကားများ သော မျိုးမျိုးလှိုင်ကို မစောင့်ဘဲ ပန်းကန်တွေ ဆေးရန် ယူခဲ့လိုက်သည် ။

အနီးအနားမှာ အခြားသူတွေရှိနေ၍ မျိုးမျိုးလှိုင်က ရင်တွင်းခံစားချ က်များကို ခေတ္တမျိုသိပ် ထားလိုက်သည် ။

***

(၂)

နေခြည်နုထွေးနှင့် မျိုးမျိုးလှိုင်သည် ငယ်စဉ်ကတည်းက အိမ်နီးနား ချင်းဖြစ်ပြီး ကျောင်းနေ ဖက်လည်း ဖြစ်သည် ။ ပေါင်းတည်မြို့တွင် အ တူကြီးပြင်း လာပြီး ညီမ အစ်မရင်းတမျှ ရင်းနှီးခဲ့သည် ။

သူတို့ နှင့် တစ်မြို့တည်းသား ရဲထွန်းနှင့်လည်း ငယ်ပေါင်းတွေဖြစ်ကြသည် ။ ရဲထွန်းသည် သူတို့ ထက် သုံးနှစ်ကြီး သော်လည်း တစ်ကျောင်းတည်းသားမို့ ခင်မင်ရင်းနှီးကြသည် ။

ရုပ်ရည်သန့်ပြန့်သလို စိတ်ထားလည်း ဖြူစင်သော ရဲထွန်းကို နေခြ ည်နုထွေးရော မျိုးမျိုးလှိုင် ကပါ အစ်ကိုတစ်ယောက်လို ခင်မင်ရင်းနှီး အားကိုးသည် ။ ရဲထွန်းသည် အင်ဂျင်နီယာဘွဲ့ရပြီး အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုကို ဦးစီးလုပ်ကိုင်နေသည် ။

နေခြည်နုထွေးနှင့် မျိုးမျိုးလှိုင်သည် ရိုးရိုးသိပ္ပံဘွဲ့ရပြီးကြသည် ။ ရန် ကုန်တွင် ကုမ္ပဏီတစ်ခု စီမှာ နှစ်ဦးစလုံး အလုပ်ဝင်ခဲ့ကြသည် ။

နေခြည်နုထွေးသည် အေးဆေးတည်ငြိမ်စွာ နေတတ်သည် ။ ယနေ့ အထိ ချစ်သူရည်းစား တစ်ယောက်တလေမျှ မထားခဲ့သော်လည်း မျိုးမျိုးလှိုင်က ရည်းစားတွေ ထည်လဲထားခဲ့ တွဲခဲ့သည် ။

မျိုးမျိုးလှိုင်သည် စိတ်သဘောထားဖြူစင်ပြီး အပြစ်ပြောစရာ မရှိ သော်လည်း ချစ်သူ တစ်ယောက်ကို တည်တည်တံ့တံ့ မထားခြင်းက လွ

န့်စွာဆိုးရွားလှသည် ။

စိတ်ထားမတည်ငြိမ်ဘဲ အပြောင်းအလဲမြန်သော မျိုးမျိုးလှိုင်ကို နေခြည်နုထွေးက ဘယ်လိုမှ ဆုံးမထိန်းသိမ်း၍ မရပါ။ ချော့၍ လည်းကောင်း၊ ခြောက်၍ လည်းကောင်း၊ ဘယ်လိုပင်ပြောပြော ကျွဲပါးစောင်းတီးသည့်နှယ်ပါ။

ရန်ကုန်မှာ အလုပ်အသီးသီးရပြီး မိန်းကလေး ဘော်ဒါဆောင်တွင် တစ်ခန်းတည်း အတူတကွနေသော်လည်း နေခြည်နုထွေးနှင့် မျိုးမျိုးလှိုင်သည် လုံးဝအသွင်မတူပါ။ နှစ်ဦးစလုံး ချောမွေ့လှသော မိန်းကလေးများ ဖြစ်ပြီး နေခြည်နုထွေးက အလွန်တည်ငြိမ်သော မိန်းကလေးပါ။

မျိုးမျိုးလှိုင်အား တည်တည်တံ့တံ့ ရည်းစားတစ်ယောက်ထားရှိရေးကို နေခြည်နုထွေးက ဘယ်လိုမှ စည်းရုံး၍ မရအောင် ဖြစ်နေသည် ။ အသိခေါက်ခက်ဝင်နက်သော မျိုးမျိုးလှိုင်ကို လွှတ်ထားလိုက်ရပါတော့သည် ။

ပြည့်ဖြိုးဟိန်းနှင့် စတွေ့ပြီးသည့်နောက်ပိုင်းမှာ မျိုးမျိုးလှိုင်က ပြည့်ဖြိုးဟိန်းကို အတော် လေး စွဲလမ်းခဲ့သည် ။ သူ့ရဲ့ စိတ်ဝင်စားမှုအာရုံက ပြည့်ဖြိုးဟိန်းပေါ်တွင် သာ စုစည်းပြီး ကျရောက်နေ သည် ။

ဝတ်စားမှုက ခေတ်ဆန်သလို၊ စိတ်ကပါ ခေတ်ရှေ့ပြေးနေသော မျိုးမျိုးလှိုင်က ပြဇာတ်ဆို သည် ကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ပါ။

ယခုတော့ ပြည့်ဖြိုးဟိန်းကြောင့် စိတ်မဝင်စားသော ပြဇာတ်ကိုလည်း ပစ်ခတ်ပြီး စိတ်ဝင် စားလိုက်သည် ။ ညအိပ်ရာဝင်ရင်း ခုတင်တစ်ယောက်တစ်လုံးစီနှင့် ပေါ်လှဲရင်း မျိုးမျိုးလှိုင် စကား စလာပြန်သည် ။

"ကိုပြည့်ဖြိုးဟိန်းနဲ့ သွားလာရမှာ ငါ့ရင်တွေ အရမ်းခုန်တယ် နေခြည်ရယ်"

"နင်နဲ့ သူ နှစ်ယောက်တည်း သွားမှာ လား"

" မဟုတ်ဘူး ၊ ကိုရဲထွန်းပါပါတယ်"

"ဒါများ ရင်ခုန်ရသေးလား"

"ခုန်တာပေ့ါဟယ်၊ ဘာပြောပြော သူနဲ့ တွေ့ရမှာ မဟုတ်လား၊ ပြဇာတ် ကြည့်တဲ့ အခါ သူနဲ့ ခုံချင်းကပ်ရက် ငါက ထိုင်မှာ လေ"

"ရူးလိုက်တာဟယ်၊ ပေါ်တင်ကြီး အရှက်မရှိ ညိုမြ သွားမလုပ်နဲ့ နော်"

"နင်ကလည်း နော် ငါ့ကိုဆိုရင် သိပ်ပြီး အထင်သေးတာပဲ"

မျိုးမျိုးလှိုင်က မျက်နှာငယ်လေးနှင့်ပြောသည် ။

"စိတ်ချပါ၊ စိတ်ထဲက ဘယ်လောက်ကြိုက်နေနေ အဲဒီယောကျ်ားကို ငါကစပြီး ချစ်ကြောင်း မပြဘူး"

နေခြည်နုထွေးက မျိုးမျိုးလှိုင် ပြောသည် ကို ခပ်ပြုံးပြုံးမျက်နှာနှင့် နားထောင်နေသည် ။

"မိန်းကလေးတစ်ယောက်မှာ ရှိသင့်တဲ့ မာနနဲ့ ဣန္ဒြေ ငါ့မှာ ရှိပါသေးတယ်ဟာ"

"တော်သေးတာပေ့ါ၊ အဲဒါလေးရှိလို့ ၊ နို့မို့ဆိုရင် သုံးစားလို့ ကိုရတော့မှာ မဟုတ်ဘူး "

"နေခြည်ကလည်း ဟယ် ငါ့ဆိုရင် မညှာမတာ မိုချိုးမျှစ်ချိုးကို ပြောတော့တာပဲ"

"ပြောမှာ ပဲ၊ နင် ဘာလို့ ရည်းစားများ သေးလဲ၊ အဲဒါ ကိုယ်ကျင့်တရား ဘယ်လောက်မွဲတေ သွားတယ်ဆိုတာ နင် မသိဘူးလား"

"အင်းလေ၊ တကယ် ချစ်နိုင်တဲ့ သူကို မတွေ့သေးတော့၊ ရွေးချယ်နေတဲ့ ငါ့ကို နင် အမြင် စောင်းမှာ ပေါ့"

မျိုးမျိုးလှိုင်က လေသံပျော့ပျော့လေးနှင့် ပြောသည်။

"ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတာ နင်မကြားဖူးဘူးလား နေခြည်ရယ်၊ အဲဒီစကားလုံးက အလကား ရှိခဲ့တာ မဟုတ်ဘဲ"

"တော်စမ်းပါ မျိုးမျိုးရာ၊ မိုးကြိုးပစ်တာကို ထန်းလက်နဲ့ မကာချင်စမ်းပါနဲ့ "

"ငါ တကယ်ချစ်တဲ့ သူကိုတွေ့ရင် ငါ တကယ်ပဲ တည်ငြိမ်သွားမှာ ပါ "

"ဒါဆို ခုတွေ့ပြီလား"

"တွေ့ပြီလေ၊ ကိုပြည့်ဖြိုးဟိန်းပေါ့"

"အဲဒါ နောက်တစ်ယောက် မတွေ့သေးလို့ လောလောဆယ် အသစ်ဖြစ်နေတာပါဟာ၊ တစ်ချိန်ကျရင် ဟောင်းသွားဦးမှာ ပဲ"

"တကယ်ပါ၊ ကိုပြည့်ဖြိုးဟိန်းကို ငါ အစွဲကြီးစွဲနေပြီ"

"နင့်လို ရည်းစားတွေ မှိုလိုပေါက် လျှောက်ထားတာ တကယ်ချစ်လို့ လက်ထပ်မယ့်သူနဲ့ တွေ့တော့မှ အခက်ကြုံရမယ်"

"ဘာခက်မှာ လဲ"

"နင့်အချစ်ကို ဘယ်ယုံမလဲ၊ ပြီးတော့ နင့်ကိုလည်း လေးစားတော့မှ မဟုတ်ဘူး "

"အဲဒီအခါကျရင် သူ နားလည်အောင် ရှင်းပြလိုက်မယ်၊ ရည်းစား တွေ မှိုလိုပေါက်အောင် ထားခဲ့ပေမဲ့ ပိတောက်ဆိုပိတောက် တစ်ယော က်ဆို တစ်ယောက်ပါပဲလို့ "

မချိုမချဉ်မျက်နှာနှင့် မျိုးမျိုးလှိုင်က ပြောသည် ။ မျိုးမျိုးလှိုင်ကို အ တော်လေး စိတ်ပျက်မိပြီး စကားဆက်မပြောချင်တော့၍ တစ်ဖက်ကို စောင်းပြီး အိပ်လိုက်သည် ။

"ဟဲ့ အိပ်တော့မလား၊ ငါ ပြောတာကို နားမထောင်တော့ဘူးလား"

"နားကလောတယ်၊ အိပ်ချင်ပြီ"

"အင်း၊ အချစ်ဆိုတာ မခံစားတတ်တဲ့ နင့်ကို ငါသိပ်သနားတယ် သိ လား၊ လောကကြီးမှာ အပျော်တွေ ပျောက်ဆုံးနေတာ လူဖြစ်ရကျိုး မန ပ်လိုက်တာ နေခြည်ရယ်"

"အေး၊ မနပ်ရင်လည်း ရတယ်၊ ငါက အကျင့်သိက္ခာကို တန်ဖိုးထား လို့ လုံးဝအပွန်းအပဲ့ မခံနိုင်ဘူး"

"ဟာ . . . ငါ့ကို ပေါ်တင်ကြီးခွပ်လိုက်ပြီ"

"ခွပ်တော့ရော နင်က နာတတ်လို့ လား"

"ဟိဟိ ဘယ်တုံးက နာတတ်လို့ လဲ"

မျိုးမျိုးလှိုင်က စပ်ဖြီးဖြီးမျက်နှာပေးနှင့် ပြောသည် ။

မနာတတ်၊ တော်ရုံစိတ်မဆိုးတတ်သော မျိုးမျိုးလှိုင်ကို သနားပြီး နေခြည်နုထွေးက အမြဲ ခွင့်လွှတ်ခဲ့ရသည် သာ။

"ကဲ အိပ်တော့ မျိုးမျိုးရေ၊ မနက်စောစော ထရဦးမှာ "

"နေခြည် အိပ်ချင်အိပ်နှင့်လေ၊ ငါကတော့ စိတ်ကူးယဉ် ကမ္ဘာလေး

ထဲမှာ တိုက်ဆောက် လိုက်ဦးမယ်"

"အေး၊ ဆောက်ရင်လည်း ကောင်းကောင်း ဆောက်၊ အုတ်မြစ်မခိုင်လို့ ပြိုကျမှ ဟုတ်ပေ့ဖြစ် နေမယ်"

နေခြည်နုထွေးက တစ်ဖက်စောင်းပြီး အိပ်ပျော်အောင် ကြိုးစားလိုက်သည် ။ မျိုးမျိုးလှိုင်က သဘောကျစွာရယ်ပြီး အတွေးထဲမှာ စိတ်ကူးတွေကို စီနေသည် ။

နေခြည်နုထွေးက ဘာကိုမျှ တွေးစရာ မရှိလှသဖြင့် စိတ်လွတ်ကိုယ်လွတ်နှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည် ။ နေခြည်နုထွေးထံမှ အသက်မှန်မှန်ရှူသံကိုကြားပြီး မျိုးမျိုးလှိုင်က  အသံထွက် အောင်ပင် ရှုတ်ချလိုက်သည် ။

"အလုပ်ရယ်၊ စားတာရယ်၊ အိပ်တာရယ်ပဲသိတယ်၊ လူဖြစ်ရကျိုး မနပ်လိုက်တာ"

အတွေးအခေါ် အယူအဆချင်းမတူသော နေခြည်နုထွေးကို မျိုးမျိုးလှိုင်က ကောင်းကောင်း ကြီး အပုပ်ချလိုက်သည် ။

***

ညက အိပ်ရာဝင်နောက်ကျသော မျိုးမျိုးလှိုင်က နံနက်စောစော မထသေးပါ။ နေခြည်နု ထွေးက အိပ်ရာက စောစောထ နံနက်စာ သူတို့ နှစ်ယောက် စားသောက်ရန် စီစဉ်ပြီး အခန်းထဲသို့ ပြန်လာသည် ။ နံနက်စာကို ကုမ္ပဏီကကျွေး၍ နှစ်ယောက်စလုံး ထမင်းချိုင့်ထည့်စရာ မလိုပါ။

အခန်းထဲ ရောက်သည် အထိ မနိုးသေးသော မျိုးမျိုးလှိုင်ကို ကြည့်ပြီး စိတ်ပျက်လက်ပျက် စုတ်သပ်လိုက်သည် ။

"မျိုးမျိုး ထထော့လေ၊ ဘယ်အချိန် ရှိနေပြီလဲ"

"အင်း၊ ထရတော့မှာ လား"

မျိုးမျိုးလှိုင်က အပျင်းဆန့်ရင်းနှင့် လေးတွဲ့သောအသံဖြင့် မေးသည် ။

"အလုပ်မသွားဘူးဆိုရင် အဲဒီမှာ တစ်သက်လုံးပဲ ဆက်အိပ်ပေတော့ "

မျိုးမျိုးလှိုင်ကို စိတ်တိုစွာနှင့်ပြောပြီး နံနက်စာကို ခပ်သွက်သွက်စားသည် ။ ပြီးသည် နှင့် ရေချိုးခန်းကိုပြေးပြီး ဦးစွာရေချိုးလိုက်သည် ။

နေခြည်နုထွေး ရေချိုးခန်းမှ ပြန်လာတော့မှ မျိုးမျိုးလှိုင်က နံနက်စာကိုစပြီး စားနေသည် ။

နေခြည်နုထွေးက မျက်နှာကို မြန်မြန်ခြယ်သပြီး အဝတ်အစားလဲသည် ။ မျိုးမျိုးလှိုင် ရေချိုး ခန်းမှ ပြန်လာတော့ နေခြည်နုထွေးက ဝတ်စားပြင်ဆင်ပြီးနေပြီ။

"ဟယ် . . . နင်က ပြီးနေပြီ"

"အေး၊ စောစောထတော့ ပြီးနေပြီပေါ့"

နေခြည်နုထွေးက ပြောရင်းနှင့် သူ့ရဲ့ စလင်းဘက်ကို စားပွဲပေါ်ကယူပြီး လွယ်လိုက်သည် ။ မျိုးမျိုးလှိုင်က မျက်နှာသုတ်ပဝါကို တန်းပေါ်တင်ရင်း မေးသည် ။

"ဟင် . . . နင်က သွားတော့မှာ လား"

"အေးပေါ့"

"ငါ့ကို မစောင့်ဘူးလား"

"မစောင့်နိုင်ဘူး"

"လုပ်ပြီ"

"ဘာမှ မလုပ်ဘဲ တစ်ကိုယ်ရေလေးလုပ်ရတဲ့ နင့်ကို ငါကစောင့်ရဦး မှာ လား၊ မစောင့်နိုင်ဘူး"

"ခဏလေးပါဟယ်"

"ခဏလေးလည်း မစောင့်နိုင်ဘူး။ ဒီနေ့ ရုံးကို စောစောသွားရမယ်"

"သိပ်အလုပ်ကြိုးစားတယ်ပေါ့"

"ဟုတ်တယ်၊ ကုမ္ပဏီက ကိုယ့်အဖေကုမ္ပဏီမှ မဟုတ်တာ၊ သူများ ကြည့်ဖြူအောင် စည်းကမ်းရှိရမှာ ပေါ့"

"ငါတို့ ကတော့ ပထွေး ကုမ္ပဏီမို့ ဖြည်းဖြည်းပဲဟေ့"

"ပထွေးက အမြင်ကတ်ပြီး အလုပ်ဖြုတ်လိုက်မှ ဟုတ်ပေ့ဖြစ်နေမယ်
"

နေခြည်နုထွေးက ပြောရင်း အဆောင်ခန်းထဲမှ ထွက်လာခဲ့သည် ။ မျိုးမျိုးလှိုင်က ထုံးစံ အတိုင်း ရယ်ပြီး ကျန်ရစ်ခဲ့သည် ။

***